# LESSON 3

## THE NAMING CEREMONY

The King Suddhodana had and old teacher. As the teacher was very wise, he was known as a Sage. His real name was Kala Devala but people usually call him Asita the Sage. Asita lived in the jungle. He had heard that the King then had a son; he was very happy because this was the first time as child was born to the King.

The next day, he went to see the King's son. The King was very happy to see his wise old teacher again. In the palace, after the Sage was seated, the King brought the Prince before the Sage and said "Teacher, my son was born only yesterday. Here hi is. Please see if his future will be good."

# သင်ခန်းစာ (၃)

## နာမည် ပေးခြင်း မင်္ဂလာ

ဘုရင် သုဒ္ဓေါဒနမှာ ဆရာရင်း တစ်ယောက်ရှိခဲ့တယ်။ ယင်းဆရာသည် အလွန်ပညာရှိပြီးတော့ သူကို ပညာရှိကြီးလို့ လူသိများတယ်။ သူ၏နာမည်ရင်းမှာ ကာလဒေဝလ ဖြစ်သော်လဲ လူများကတော့ သူ့ကို အသိတ ပညာရှိဟု ခေါ်လေ့ရှိကြတယ်။ အသိတသည် တောအရပ်၌ နေထိုင်ခဲ့တယ်။ ဘုရင်ကြီးများ သားတယောက်ရရှိပြီလို့ အသိတကြားခဲ့ပြီးဖြစ်၏။ ယခုမွေးဖွားသော သားသည် ဘုရင်ကြီးအဖို့ သားဦးရတနာဖြစ်သောကြောင့် အသိတသည် အလွန်ပျော်ရွှင်ခဲ့၏။

နောက်ရက်တွင် အသိတသည် ဘုရင်ကြီး၏သားကို ကြည့်ဖို့ရန်သွားခဲ့တယ်။ ဘုရင်ကြီးသည် သူ၏ ဆရာရင်းကို တဖန် ပြန်တွေ့ရသဖြင့် အလွန် ပျော်ရွှင်ခဲ့တယ်။ နန်းတွင်းထဲမှာ ပညာရှိကြီး အသိတနေရာ ယူပြီးနောက် ဘုရင်ကြီးသည် သူ၏သားလေးကို သယ်ဆောင်လာပြီး ဆရာ အသိတ ကျွန်ုပ်၏ သားလေး မနေ့ကဘဲ ဖွားမြင်ခဲ့ပါတယ်။ ဒီမှာကြည့်ပါအုံး? သားလေးရှေးရေး ကောင်းနိုးကောင်းရာတွေကို ကျေးဇူး ပြုပြီး ကြည့်ပေးပါအုံး။

As the King said this, he lowered the infant Prince before the Sage so that he might examine him properly. However, the baby turned his feet on to the Sage's head. Thus sur-

prised. Asita took hold of the baby's feed and examined them very carefully. He saw some marks on the Prince's feet. Then he got up and said, "This Prince will become a very great Teacher in this world." The Sage was very pleased and putting his palms together, paid due respect to the baby Prince. The King seeing this, also did the same. This was the first salutation of the King.

ဘုရင်ကြီးသည် ထိုကဲ့သို့ပြောပြီးနောက် မင်းသားလေးရှေးရေးကို သေချာစွာ စစ်ဆေး ပြောပြ နိုင်ရန်အတွက် ဆရာရင်း ပညာရှိ အသိတရှေ့သို့ နှိမ့်ပြလိုက်သော်လဲ မင်းသားလေးသည် သူ၏ခြေ ထောက် အစုံကို အသိတ၏ ခေါင်းပေါ်သို့ လှည့်လိုက်တယ်။ ထို့ကြောင့် အလွန် အံ့အားသင့် သွားခဲ့ကြတယ်။ ပညာရှိကြီး အသိတသည် မင်းသား လေး၏ ခြေဖဝါးကိုကိုင်ကြည့်ပြီးတော့ ယင်းတို့ကို သေသေ ချာချာ စစ်ဆေးကြည့်လိုက်တယ်။ သူသည် မင်းသား လေးခြေဖဝါးပေါ်တွင် အချို့အမှတ်အသားများကို တွေ့မြင်ခဲ့ရတယ်။ ပြီးတာနဲ့ ထရပ်ပြီးပြောပြတယ်။ ဒီမင်းသား လေးဟာ ဒီကမ္ဘာလောကကြီးရဲ့ အလွန် ကြီးမြတ်သော ဆရာတစ်ဆူ ဖြစ်လာလိမ့်မယ်။ ပညာရှိကြီးဟာ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး တော့ မင်းသားလေးရဲ့ လက်ဖဝါးတွေကို ဖြန့်ကြည့်လိုက်ကာ မင်းသားလေးကို အလေးဂရုပြုသင့် ကြောင်းကို ပြောလိုက်ပါတယ်။ ဘုရင်ကြီးဟာလဲ အလားတူ ကြည့်ရှုလိုက်ပြီး ဒါဟာ ဘုရင်ကြီး၏ ရှေးဦးစွာ ဂါရဝပြုခြင်းဘဲဖြစ်ခဲ့ပါတယ်။

Everyone was happy and pleased to know of the Sage's prediction.

On the fifth day, the King invited five wise men to witness the Naming Ceremony and to suggest a good name for the Prince. The wise men examined the birth marks of the Prince wants to rule. If he chooses a religious life then he will become the Wisest - - the Buddha."

The youngest of the five wise men call Kondanna said "This Prince will be the Buddha and nothing else."

Then the wise men give him the name SIDDHARTHA meaning "wish-fulfilled"

လူတိုင်းဟာ ပျော်ရွှင် ဝမ်းမြောက်ကြပြီးတော့ ပညာရှိကြီး၏ ကြိုတင်ဟောပြောချက်ကို သိရလို့ ကျေးဇူးတင်နေကြပါတယ်။

ငါးရက်မြောက်နေ့မှာတော့ ဘုရင်ကြီးသည် နာမည်ပေးခြင်း မင်္ဂလာပြုလုပ်ဖို့ရန် ပညာရှိကြီး ငါးယောက်ကို ဖိတ်ကြားခဲ့ပြီးတော့ မင်းသားလေးအတွက် ကောင်းမွန်သော နာမည်တစ်ခု ရွေးခြယ်ပေး ဖို့ရန် တောင်းဆိုခဲ့ပါတယ်။ ပညာရှိကြီးငါးယောက်တို့ဟာ မင်းသားလေး၏ မွေးသက္ကရာဇ်တို့ကို ကြည့်ရှု စစ်ဆေးပြီးနောက် မင်းသားလေးဟာ တိုင်းပြည်အုပ်ချုပ် ရှင်ဘုရင်လုပ်ခဲ့မယ်ဆိုလျှင် မင်းအပေါင်း ဦးခိုက်ရသည့် ရှင်ဘုရင် တစ်ပါးဖြစ်လာပါလိမ့်မယ်။ ဘာသာရေးဘဝကို ရွေးခြယ်ခဲ့မယ်ဆိုရင်လဲ သုံးလောက ထွဋ်ထား ရှင်တော်မြတ်ဘုရားဖြစ်လာပါလိမ့်မယ်လို့ သုံးသပ်ပြောဆိုခဲ့ကြပါတယ်။

ပညာရှိငါးယောက်ထဲမှ အငယ်ဆုံး ပညာရှိဖြစ်သော ကောဏ္ဍညကတော့ မင်းသားလေးသည် ဘုရားဧကန် စင်စစ် ဖြစ်လိမ့်မည်ဟု ဟောကြားခဲ့ပါတယ်။

အဲဒီနောက် ပညာရှိငါးယောက်တို့သည် မင်းသားလေးကို အလိုဆန္ဒအားလုံးကို ပြည့်စုံစေတတ်သည့် သိဒ္ဓတ္ထဟု အမည်ပေးခဲ့ကြပါတယ်။